## လူ့အခွင့်အရေးအရေခြုံ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအား ဝင်ရောက်စွက်ဖက်နေသည့် ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံက ပြတ်သားစွာဆန့်ကျင်ပယ်ချ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးပွဲကို ၆-၃-၂၀၂၃ ရက် နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ နှင့် အပြန်အလှန် ဆွေးနွေးပွဲကို ၂၀-၃-၂၀၂၃ ရက်တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂက တင်သွင်းခဲ့သည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါဆုံးဖြတ်ချက်အဆိုကို လူ့အခွင့်အရေး ကောင်စီက ၄-၄-၂၀၂၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။ အလားတူ ၁၆-၃-၂၀၂၃ ရက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကလည်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ရှင်းလင်းဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အထက်ပါဆွေးနွေးပွဲ များသို့ မြန်မာနိုင်ငံမှ တရားဝင်ကိုယ်စားလှယ် တက်ရောက်ခွင့်မရှိစေရန် တားမြစ်ခဲ့ခြင်းမှာ အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးမှုများကို ဆန့်ကျင်သည့်အတွက် မြန်မာနိုင်ငံက သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် အများပြည်သူသို့ ထုတ်ပြန်ထားပြီးဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအဖွဲ့များ၏ ပကတိကျူးလွန်မှုအတိုင်းအတာကို ထင်ဟပ်ဖော်ပြရန် ပျက်ကွက်ခဲ့ သည်။ ၃၁-၃-၂၀၂၃ ရက်အထိ ကလေး ၁၆၂ ဦး၊ ဆရာ၊ဆရာမ ၇၃ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၆ ဦးနှင့် အုပ်ချုပ်ရေးမှူး ၇၇၃ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၅,၄၇၅ ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြမ်းဖက် အဖွဲ့များ၏ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများကို သိသာစွာ လျှော့ပေါ့ ဖော်ပြ ထားသဖြင့် စိတ်ပျက်ရသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူသည် လူ့အခွင့်အရေး ကိစ္စများထက် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးအပေါ် အာရုံစိုက်လျက်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများအကြား ဆက်ဆံရေးတွင် ဝင်ရောက်စွက်ဖက်သည့်စာတမ်းများ ထုတ်ပြန်နေခြင်းမှာ ၎င်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက် နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့် လှုံ့ဆော်ခြင်းတို့အတွက် တာဝန်ရှိသူများကို နိုင်ငံအချို့က ခိုလှုံခွင့်ပြုထားခြင်းမှာ လက်ခံနိုင်ဖွယ် မရှိပါ။ အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု များပြုလုပ်ရေးနှင့် အထီး ကျန်စေရေးတောင်းဆိုနေမှုများသည် မြန်မာနိုင်ငံ၏ တည်ငြိမ် အေးချမ်းမှုနှင့် ပြည်သူများ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် သည်လည်း ကုလသမဂ္ဂအထွေထွေညီလာခံသို့ ရှင်းလင်းတင်ပြသည့် အလွတ်သဘော အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ယင်းသို့ ရှင်းလင်းတင်ပြရာတွင် အထူးကိုယ်စားလှယ်သည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အစိုးရဆန့်ကျင်သူများထံမှရရှိသည့် မမှန်ကန်သော အချက်အလက် များကို အခြေခံကာ တစ်ဖက်သတ်ဆန်စွာ ပြောကြားခဲ့သည်။ လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ နိုင်ငံရေးနှင့်စစ်ရေး အကျိုးအမြတ်အတွက် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို အလွဲသုံးစားပြုရန် အဆိုပြုချက်များ အပေါ် အထူးကိုယ်စားလှယ်အနေဖြင့် ဂရုပြုသင့်သည်။ မြန်မာနိုင်ငံအစိုးရသည် ထိခိုက်ခံစားရသော ပြည်သူလူထုအတွက် လိုအပ်သော အကူအညီများ ပေးအပ်လျက်ရှိသည်။ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ထားသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ကွင်းဆင်းခရီးစဉ် ၂၄ ခုနှင့် ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ကနေဒါ၊ ဗြိတိန်နှင့် နော်ဝေနိုင်ငံများမှ သံတမန်များ၏ ကွင်းဆင်းခရီးစဉ် ၄၉ ခုတို့ကို မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့သည်။ သို့ဖြစ်ရာ ဝင်/ထွက်ခွင့်ကန့်သတ်ကြောင်း စွပ်စွဲမှုများမှာ မှန်ကန်ခြင်းမရှိပါ။ လူသားချင်းစာနာထောက်ထားမှု အကူအညီများအပါအဝင် အကူအညီများပေးအပ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ သဘောတူခွင့်ပြုချက် ရရှိရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက် မပါဝင်သော အစီအမံများသည် ဆန့်ကျင်ဘက် သက်ရောက်မှုများသာ ဖြစ်ပေါ်စေနိုင်ကြောင်းနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအတွက် တာဝန်ရှိသူများနှင့် ဆက်သွယ်ခြင်းမှာ အကြမ်းဖက်မှုကို အားပေးရာရောက်ကြောင်း အထူးကိုယ်စားလှယ်ကို အသိပေး ဖော်ပြအပ်သည်။

ဥရောပသမဂ္ဂသည် လူ့အခွင့်အရေးကောင်စီ၏ (၅၂) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံကို ဆန့်ကျင်သည့်ဆုံးဖြတ်ချက်အဆို စာရွက်စာတမ်းအမှတ် A/HRC/52/L.19 ဖြင့် ထပ်မံတင်သွင်းခဲ့သည်။ ယင်းရှည်လျားသော ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံအပေါ် ထားရှိသောယန္တရား အမြောက်အမြား နှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်သည့် အတိုင်းအတာကို ပြသလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖော်ဆောင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ပြည်တွင်းတရား စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော ကိစ္စရပ်များတွင် အမိန့်ပေးစွက်ဖက်ခြင်းများပါဝင်သည့် ယင်း ဆုံးဖြတ်ချက်အဆိုကို လက်ခံနိုင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် ဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်တွင် ARSA (ခေါ်) Aqa Mul Mujahideen အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် နေရပ် စွန့်ခွာသူများအား ပြန်လည် လက်ခံရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှုထားသည်။ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား တိုးတက်မှုများရှိပြီး စိစစ်ပြီးသူများ အား လူတွေ့မေးမြန်းရန် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် မတ်လတွင် တက္ကနာဖ်မြို့သို့

သွားရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ပထမသုံးလအတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်သူ ၁၆ ဦး အပါအဝင် နေရပ်ပြန်လိုသူများ သတ်ဖြတ်ခံနေရမှုများကို အဆိုမူကြမ်းက မျက်ကွယ်ပြုထားသည်။ ARSA ၏ သတ်ဖြတ်ခြိမ်းခြောက်မှုများကြောင့် ၂၀၁၇ ခုနှစ်တွင် နေရပ်စွန့်ခွာမှုများဖြစ်ခဲ့ပြီး လက်ရှိ ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းကွယ်၍မရသော်လည်း ယင်းအချက်ကို အဆိုမူကြမ်းတွင် ချန်လှပ်ထားသည်။ “ရိုဟင်ဂျာ” ဟူသော အသုံးအနှုန်းကို မြန်မာပြည်သူများနှင့် အစိုးရအဆက်ဆက်က လက်ခံခြင်းမရှိဘဲ ယင်းအသုံးအနှုန်းသည် အင်္ဂလိပ်ကိုလိုနီခေတ် တရားဝင် မှတ်တမ်းများတွင်ပင် ပါဝင်ခြင်းမရှိကြောင်း နှင့် ဥပဒေကြောင်းအရလည်း တရားဝင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ခွဲခြားမှုမရှိဘဲ နိုင်ငံသားအဆင့်အတန်း ပေးအပ်လျက်ရှိသည်။

သို့ဖြစ်ရာ အထက်ပါ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သည့် ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်များမှာ အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် တစ်ဖက်သတ် ထင်မြင်ချက်များအပေါ် အခြေခံကာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ဘက်မလိုက်ခြင်း၊ သမာသမတ်ကျခြင်း၊ ရွေးချယ်ပစ်မှတ်မထားခြင်းတို့နှင့် ဆန့်ကျင်နေသည့် “မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ” ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ပြတ်သားစွာ ပယ်ချပြီး ယင်းအဆိုမူကြမ်းကိုချမှတ်ခဲ့ရာတွင် မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုကြောင်း ဖော်ပြအပ်သည်။ အထက်ပါဆွေးနွေးပွဲများတွင် မျှတစွာရပ်တည်ခဲ့ပြီး ဆုံးဖြတ်ချက် အဆိုမူကြမ်းကို အတည်ပြုစဉ် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသောနိုင်ငံများကို မြန်မာအစိုးရက အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်

*****************************

**Myanmar categorically rejects every act of interfering in the sovereign State under the pretext of the Human Rights**

During 52nd session of the Human Rights Council (HRC) in Geneva, Interactive Dialogues with the United Nations High Commissioner for Human Rights and with the Special Rapporteur on the situation of human rights in Myanmar were organized on 6 and 20 March 2023 respectively. The Council further adopted the EU-sponsored draft resolution entitled "Situation of human rights in Myanmar" on 4 April 2023. Similarly, the Special Envoy of the Secretary-General on Myanmar made a briefing at the United Nations General Assembly on 16 March 2023 in New York. Since the participation of Myanmar's legitimate representative was prevented in the meetings against the principles of international cooperation and dialogue, Myanmar registered its objection with the relevant UN bodies.

The High Commissioner for Human Rights fails to reflect the extent of terrorist acts committed by so-called CRPH, NUG and PDF though they were publicly available. It is disappointed that the High Commissioner evidently waters down the killings and violence committed by the terrorist groups which have claimed the lives of 5,475 innocent civilians including 162 children, 73 teachers, 16 health staff and 773 administrators as of 31 March 2023.

The Special Rapporteur on the situation of human rights in Myanmar is going far beyond his mandate by shifting his focus to the matters related to refugees and migration and publishing numerous papers on that issue and interfering in interstate relations between the sovereign countries. It is unacceptable that some countries have offered asylum to the masterminds who are responsible for committing and inciting the massive killings and violence in Myanmar. The Special Rapporteur's call for imposing sanctions and isolating Myanmar means to disturb the peace and stability of the country and to harm the interest of general population.

The Special Envoy of the Secretary-General on Myanmar made one-sided presentation to the United Nations General Assembly based on distorted information from terrorist organizations and the opposition groups. She should be further careful with the proposals from armed groups to misuse the humanitarian assistance for their political and military

gains. The Government has been providing necessary assistance to affected population. In addition to the field presence of UN agencies in different Regions and States, Myanmar has allowed 24 UN field visits and 49 field visits of the diplomats from EU, Switzerland, Germany, Canada, Britain and Norway between 2021 and 2022. Therefore, the allegations of access constraints are not true. The consent of the Government is prerequisite in providing assistance including humanitarian aids while Myanmar has been extending its cooperation to the United Nations agencies. The Special Envoy is advised to note that initiatives without the consent of the country-concerned will only be counterproductive and engaging with unlawful groups and people responsible for atrocities may amount to supporting terrorism.

The European Union again tabled the resolution against Myanmar contained in document no A/HRC/52/L.19 to 52nd session of the Human Rights Council. The lengthy document shows the extent of numerous mechanisms imposed on Myanmar and the level of interfering in the internal affairs of a sovereign country. Myanmar does not accept the resolution which includes dictated elements and intrusive language against political system, political process on democratization in line with the 2008 State Constitution and matters fall within the domestic jurisdiction of the country. The said resolution neglects endeavours of Myanmar on the repatriation of the displaced persons from Rakhine State following the terrorist attacks by ARSA aka Aqa Mul Mujahideen in 2017. In this connection, progress has been made between Myanmar and Bangladesh as Myanmar Technical Team for in-person verification visited Teknaf and conducted interviews with the verified persons in March 2023. The resolution further turns a blind eye to killings including 16 persons who were killed within the first three months of 2023 for their active role in repatriation process. The resolution ignores the undeniable fact that such killings and intimidations made forced displacement in 2017 and hinder the return of the displaced persons. The people of Myanmar and successive governments do not recognize the term “Rohingya” which is neither legally supported nor included in British colonial official records. Myanmar has been granting citizenship status to those who meet criteria set out in the 1982 Citizenship Law without any discrimination.

The afore-said country-specific dialogues and resolution are purely based on unfounded allegations, one-sided narratives and politically motivated agenda. Since the

resolution entitled “Situation of human rights in Myanmar” goes contrary to the fundamental principles of impartiality, objectivity and non-selectivity of the Human Rights Council, Myanmar categorically rejects it and dissociates itself from the adoption of the resolution. The Government highly appreciates the countries which uphold balanced position during the dialogues and dissociate themselves from the adoption of the resolution.

Ministry of Foreign Affairs
Nay Pyi Taw
6 April 2023